**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၁၃၂ / ၂၀၂၄

၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်

( ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက် )

**အပြည်ပြည်ဆိုင်ရာတရားရုံး(International Court of Justice – ICJ)၌ တရားရင်ဆိုင်ခြင်းဆိုင်ရာ ဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံကို ဂမ်ဘီယာနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံး၌ တရားစွဲဆိုထားခြင်းနှင့် ပတ်သက်၍ တရားရင်ဆိုင်ရေးကိစ္စရပ်များတွင် တာဝန်ယူကွပ်ကဲနိုင်ရေးအတွက် " အပြည်ပြည်ဆိုင်ရာ တရားရုံး (International Court of Justice – ICJ)၌ တရားရင်ဆိုင်ခြင်းဆိုင်ရာ ဦးဆောင် ကော်မတီ " ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ဦးသန်းဆွေ — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး
နိုင်ငံခြားရေးဝန်ကြီးဌာန

(ခ) ဦးကိုကိုလှိုင် — ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
ဝန်ကြီးဌာန ( ၂ )

(ဂ) ဒေါက်တာသီတာဦး — ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်
ဥပဒေရေးရာဝန်ကြီးဌာန

(ဃ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
နယ်စပ်ရေးရာဝန်ကြီးဌာန

(င) ဦးမြင့်ကြိုင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(စ) ဒေါက်တာ စိုးဝင်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ
ချထားရေးဝန်ကြီးဌာန

(ဆ) ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး — အဖွဲ့ဝင်

စစ်ရေးချုပ်

စစ်ရေးချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

(ဇ) ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် — အဖွဲ့ဝင်

စစ်ဥပဒေချုပ်

စစ်ဥပဒေချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

(ဈ) အဆင့်မြင့်ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

အဖွဲ့ဝင်

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး

ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ

(ည) ဗိုလ်ချုပ် ကိုလေး — အဖွဲ့ဝင်

ဒုတိယဝန်ကြီး

ကာကွယ်ရေးဝန်ကြီးဌာန

(ဋ) ဗိုလ်ချုပ်တိုးရီ — အဖွဲ့ဝင်

ဒုတိယဝန်ကြီး

ပြည်ထဲရေးဝန်ကြီးဌာန

(ဌ) ဦးမင်းထွဋ် — အဖွဲ့ဝင်

ဒုတိယဝန်ကြီး

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဍ) ဦးလွင်ဦး — အတွင်းရေးမှူး

ဒုတိယဝန်ကြီး

နိုင်ငံခြားရေးဝန်ကြီးဌာန

(ဎ) ဒေါ်ခင်ဦးလှိုင် — တွဲဖက်အတွင်းရေးမှူး

အဖွဲ့ဝင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့

၂။ အပြည်ပြည်ဆိုင်ရာတရားရုံး(International Court of Justice – ICJ)၌ တရားရင်ဆိုင်ခြင်းဆိုင်ရာ ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ဦးဆောင်ကော်မတီသည် လိုအပ်သော ရပ်တည်ချက်နှင့်မူဝါဒများကို ချမှတ်ပေးရမည်၊

(ခ) ဦးဆောင်ကော်မတီသည် အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ)၌ တရားရင်ဆိုင်ခြင်းဆိုင်ရာ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့ကို လိုအပ်သလိုပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်၊

(ဂ) ဦးဆောင်ကော်မတီသည် အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ)၌ တရားရင်ဆိုင်ခြင်းနှင့်ပတ်သက်သည့် လိုအပ်သော အချက်အလက်များရရှိရေးအတွက် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်းပေးရမည်၊

(ဃ) ဦးဆောင်ကော်မတီ၏ လိုအပ်သောအုပ်ချုပ်မှုဆိုင်ရာကိစ္စများနှင့် အသုံးစရိတ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ကျခံရမည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀ – ၈ – ၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၆၈ / ၂၀၂၃ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး